## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍအပိုင်း(၆)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဘယ်လိုဖေါ်ဆောင်မလဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ သက်ဆိုင်ရာတိုင်းပြည်က တည်ဆောက်ခြင်တဲ့ လူမှု စီးပွားရေး စနစ်ရဲ့အခြေခံတွေကို ဥပဒေရှုဒေါင့်ကနေ ချမှတ်ပေးရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းခဲ့တဲ့ကာလတွေတစိုက်မှာ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နိုင်ငံရေး ခေါင်းဆောင်အများစုနဲ့ လူထုတွေ အတော်များများဟာ ဆိုရှယ်လစ်စနစ်ကို လက်ခံခဲ့ကြတယ်။ အဲဒါကြောင့် ဆိုရှယ်လစ်စနစ်ရဲ့အခြေခံတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ပေးနိုင်ဘို့အတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောက်ပါပြဌာန်းချက်မျိုးတွေ ပါရှိခဲ့ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့အကျိုးစီးပွား အတွက် လိုအပ်ပါက နိုင်ငံ၏ စီးပွားရေး နှင့် သက်ဆိုင်သော လုပ်ငန်း အမျိုးမျိုးကို သော်လည်းကောင်း၊ တဦးတည်းပိုင်လုပ်ငန်းများကို သော်လည်းကောင်း၊ နိုင်ငံတော်သည် ဥပဒေပြဌာန်း၍ နိုင်ငံပိုင်ပြုလုပ်နိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်အတွက် သိမ်းယူနိုင်သည်။

လွန်ခဲ့တဲ့နှစ်ပေါင်း ခြောက်ဆယ်ခန့်ဖြစ်တဲ့ ထိုခေတ် ထိုကာလတုံးက အဲသည်လို ပြဌာန်းချက်မျိုးတွေကို တတိုင်းပြည်လုံးရှိ လူထုအများစု က လက်ခံခဲ့ကြတယ်။ ဒီကနေ့ခေတ်လို ကမ္ဘာနှင့် အဝှမ်းဆက်သွယ်ဆောင်ရွက်ပြီး လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာတဲ့ခေတ်ကိုရောက်လာတဲ့ အခါမှာတော့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ရဲ့အခြေခံတွေကို ဖွဲ့ စည်းပုံအခြေခံဥပဒေနဲ့ အညီ ဘယ်လိုချမှတ်ပေးမလဲ ဆိုတာကို စဉ်းစားဘို့လိုလာပါတော့တယ်။

သာမန်လူ နားလည်အောင် ရိုးရိုးပြောရရင် ဈေးကွက်စီးပွားရေး စနစ်ဆိုတာ ထုတ်လုပ်လိုက်တဲ့ ကုန်စည်ကို ဈေးကွက်မှာတင်ပြီး ရောင်းဝယ်တဲ့အခါမှာ ကုန်ပစ္စည်းဈေးနှုန်းနဲ့ အရည်အသွေး၊ သုံးစွဲသူရဲ့ကြိုက်နှစ်သက်မှုတွေ အပေါ်အခြေခံပြီး ကုန်စည်အရောင်းထွက်မှုကို ဆုံးဖြတ်တဲ့စနစ်ပါဘဲ။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့နေရာမှာ ကုန်စည်ထုတ်လုပ်တာ၊ စားသုံးတာ၊ စုဆောင်းတာ၊ ရင်းနှီး မြှုပ်နှံတာတွေကို ဈေးကွက်ရဲ့ဝယ်အားနဲ့ရောင်းအားက သတ်မှတ်ပြဌာန်းပေးတယ်။ ဈေးနှုန်းချိုသာပြီးအရည်အသွေးကောင်းမွန်တဲ့ ပစ္စည်းမျိုးကို လူတွေကြိုက်နှစ်သက်မယ်။ ဝယ် အားများမယ်။ ရောင်းအား တက်မယ်။ ကုန်ပစ္စည်း တရပ်အပေါ်မှာ ဝယ်အားရော ရောင်းအားပါ တက်လာရင် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူ ကုန်သွယ်သူတွေ အမြတ်ပေါ်မယ်။ အကျိုးရှိမယ်။

ဈေးနှုန်းကြီးမြင့်ပြီး အရေအသွေးညံ့တဲ့ ပစ္စည်းမျိုးကို လူတွေကြိုက်ဘို့မလွယ်ဘူး။ ဒီတော့ ဝယ်အားကျတာကြောင့် ရောင်းအားပါ ကျမယ်။ ကုန်ပ္စည်း တရပ်အပေါ်မှာ ဝယ်အားရော ရောင်းအားပါကျသွားရင် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူတွေ၊ ကုန်သွယ်သူတွေ အရှုံးပေါ်မယ်။ အကျိုးမရှိဘူး။ ဒါကြောင့်ဈေးကွက် စီးပွားရေးရဲ့ အခြေခံဟာ ယှဉ်ပြိုင်မှုဘဲလို့ ပြောနိုင်ပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချတဲ့ နိုင်ငံသားတွေ၊ ကုမ္ပဏီတွေ ပြည်တွင်းဈေးကွက်မှာရော၊ ပြည်ပ ဈေးကွက်မှာပါ စွမ်းဆောင်ရည်ပြည့်ဝစွာ ပြိုင်ဆိုင်နိုင်အောင်၊ စနစ်တကျ ပြိုင်ဆိုင်နိုင်အောင်၊ မျှတမှုအခြေခံကနေ ပြိုင်ဆိုင်မှုတွေ ထွန်းကားလာအောင် ဥပဒေစနစ်ကနေ ထောက်မပံ့ပိုးပေးဘို့ဖြစ်ပါတယ်။

မျှတစွာ ပြိုင်ဆိုင်မှုကို အဟန့်အတားဖြစ်စေမယ့် အရာတွေကို ဖယ်ရှားနိုင်စေဘို့၊ စနစ်တကျ ပြိုင်ဆိုင်မှုကို အားဖြစ်စေမယ့် အရာတွေကို ဖေါ်ဆောင်ပေးဘို့၊ ပြိုင်ဆိုင်နေတဲ့အတွင်းမှာ ဖြစ်ပွားလာမယ့် အငြင်းပွားမှုတွေကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်စေဘို့၊ အလွန်အမင်း မမျှတစွာ အကျိုးခံစားမှုတွေ ပေါ်ပေါက်မလာအောင် ထိမ်းကျောင်းပေးနိုင်စေဘို့၊ ဘဏ်အတိုးနှုန်းတွေကို ဈေးကွက်နဲ့ ဆက်စပ်ပြီး ပြောင်းလဲသတ်မှတ်နိုင်ခွင့်ရစေဘို့ တိုင်းပြည်မှာ လည်ပတ်တဲ့ငွေကြေးပမာဏနဲ့ ငွေကြေးထုတ်လုပ်မှုတွေကို ဈေးကွက်အပေါ်မှာ အခြေခံပြီး ဆုံးဖြတ်လုပ်

ကိုင်ခွင့်ရစေဘို့ စတာတွေကို ဥပဒေစနစ်ကနေ ဦးတည်ဖေါ်ဆောင်ဘို့ လိုအပ်လာတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို သည် အခြေခံတွေကနေ စဉ်းစားရမှာဖြစ်ပါတယ်။

နအဖ ထိပ်သီးခေါင်းဆောင်တွေချုပ်ကိုင် အကျိုးအမြတ်ခံစားနေကြတဲ့ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်နဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ၊ စစ်ဗိုလ်ချုပ်တွေပိုင်တဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကြီးတွေ၊ စစ်ဗိုလ်ချုပ်တွေနဲ့ ခွဲဝေခံစားနေကြတဲ့ ဖက်စပ်လုပ်ငန်းကြီးတွေ၊ ကြံ့ဖွံ့က ဦးဆောင်လုပ်တဲ့ လုပ်ငန်းကြီးတွေ အကြီးအကျယ်စီးပွား ဖြစ်နေကြတဲ့အချိန်မှာ သာမန်လူထုတွေရဲ့ပုဂ္ဂလိက လုပ်ငန်းတွေဟာ အခက်အခဲနဲ့ကြုံတွေ့နေကြရတယ်။ ဈေးကွက်စီးပွားရေးရယ် လို့ကြွေးကြော်နေပေမယ့် မျှတစွာပြိုင်ဆိုင်မှုကင်းမဲ့ တာ၊ဥပဒေစိုးမိုးရေး အခြေခံနဲ့အညီ ပြိုင်ဆိုင်မှုကို အားမပေးတာဟာ လူထုစီးပွားရေးဘ၀ ချွတ်ခြုံကျရခြင်းရဲ့ အဓိကပြဿနာကြီးတရပ် ဖြစ်ပါတယ်။ တကယ်တော့ အဲဒီလို မမျှတမှုတွေ မဖြစ်အောင်ဈေးကွက်စီးပွားရေးကို ကျင့်သုံးတဲ့တိုင်းပြည်တွေမှာ Anti-trust Law လို့ခေါ်တဲ့ စီးပွားရေး လက်ဝါးကြီးအုပ်ခြင်းမှ ကာကွယ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းကြရပါတယ်။ လက်ရှိ လူထုရဲ့ စီးပွားရေးအကြပ်အတည်းတွေကို လေ့လာသုံးသပ်ပြီး ဈေးကွက်စီးပွားရေးကို မျှတစွာ ကျင့်သုံးနိုင်ဘို့အတွက် ဒီလိုဥပဒေမျိုး ပေါ်ပေါက်လာစေဘို့ နအဖရဲ့အမျိုးသားညီလာခံမှာ လေ့လာဆွေးနွေးကြတာ တလုံးတပါဒမျှ မကြားမိပါ။ ချမှတ်ထားပြီးသား အခြေခံမူထဲမှာလည်း တကြောင်းတလေမျှ မတွေ့ရတာကြောင့် နအဖရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြီးပေမယ့် လူထုရဲ့ စီးပွားရေးဘ၀ တိုးတက်လာဘွယ်မရှိဘူးလို့ သုံးသပ်နိုင်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ စီးပွားရေးလုပ်ဆောင်ချက်တွေကို ညှိနိုင်းပေးဘို့ ကြီးမားတဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေး ယတ္တယားမလိုအပ်ကြောင်း စီးပွားရေးပညာရှင် ပါမောက္ခကြီးတဦးက ထောက်ပြခဲ့ဘူးပါတယ်။ နအဖဟာ မည်မျှလောက်အထိ ကြီးမားတဲ့ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယတ္တယားကို တည်ဆောက်ထားကြောင်း အားလုံးအသိပါဘဲ။ ကြီးမားတဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေး ယတ္တယားရဲ့တင်းကြပ်တဲ့ချုပ်ကိုင်မှုအောက်မှာ မြန်မာနိုင်ငံရဲ့ဈေးကွက်စီးပွားရေးဟာမသေရုံတမယ်သာ တည်ရှိနေပါတော့တယ်။ ဈေးကွက်စီးပွားရေးအောက်မှာ တိုင်းပြည်ရဲ့အခြေခံအဆောက်အအုံလို့ခေါ်တဲ့ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာ၀စွမ်းအင်၊ လျှပ်စစ် စတာတွေကို နိုင်ငံသားတွေရဲ့စီးပွားရေးလုပ်ငန်းတွေ လည်ပတ်ဘို့ အဓိကသုံးစွဲရမှာ ဖြစ်ပါတယ်။ အခုတော့ ဒါနဲ့ပြောင်းပြန်ပါဘဲ။ နအဖဟာ သူ့ရဲ့ကြီးမားတဲ့ ဗျူရိုကရေစီ အုပ်ချုပ်ရေးယတ္တယား လည်ပတ်ဘို့အတွက်သာ အဓိကသုံးစွဲတဲ့အခါမှာ နိုင်ငံသားတွေရဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ မလည်ပတ်နိုင်။ ဈေးကွက်စီးပွားရေးအတွက် ဆုတ်ယုတ်မှုကိုသာ ဖြစ်စေပါ တယ်။

ဈေးကွက်စီးပွားရေးအောက်မှာ တိုင်းပြည်ရဲ့ဘဏ္ဍာငွေကြေးတွေကို အစိုးရကထင်သလို၊ ကိုယ်ကြိုက်သလို ချယ်လှယ် သုံးစွဲခွင့် မရှိပါ။ မဆလအုပ်စိုးခဲ့တဲ့ ခေတ်မှာတုံးက ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဘဏ္ဍာငွေအရ အသုံးစာရင်းဆိုတာကို နှစ်စဉ်ထုတ်ပြန်ခဲ့တဲ့ ကာလတွေ ရှိခဲ့ပါတယ်။ လူထုက တစုံတရာသိရှိဝေဖန်ခွင့် ရခဲ့ပါသေးတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကစလို့ နအဖ ခေတ်ရောက်လာပြီးတဲ့ အခါမှာတော့ နအဖဟာ တိုင်းပြည်ဘဏ္ဍာငွေတွေကို ကာကွယ်ရေး အသုံးစားရိပ် အပါအဝင် သူကြိုက်သလို ချယ်လှယ်သုံးစွဲပါတော့တယ်။ လူထုဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ သုံးဘို့ဆိုတဲ့ အကြောင်းပြချက်နဲ့ တရုတ်ပြည်ကနေ ချေးယူလာတဲ့ငွေကြေးတွေကို လူထုဆီက သဘောထားရယူဘို့ဝေးလို့၊ ချေးပေးလိုက်တဲ့ တရုတ်အစိုးရဆီကတောင်မှ ခွင့်ပြုချက်မတောင်းဘဲ နေပြည်တော်မြို့တော် တည်ဆောက်ရာမှာ သုံးခဲ့တယ်လို့ သိရတယ်။

အစိုးရလက်ထဲမှာ ငွေကြေးအပိုအလျှံ များများစားစားမရှိသေးဘူးဆိုရင် နိုင်ငံရေးအရ အပြကောင်းအောင် အရင်းအသေဖြစ်တဲ့ တံတားတွေ အမြောက်အများတည်ဆောက်မလား၊ အရင်းကို အရှင်ဖြစ်စေဘို့ လူထုတွေ အလုပ်အကိုင်လဲရ၊ တိုင်းပြည်အတွက် လတ်တလော အမြတ်အစွန်းလဲ ထွက်လာစေမယ့် စက်ရုံ အလုပ်တွေတည်ဆောက်ရာမှာ သုံးမလားဆိုတာကို လူထုကိုယ်စားလှယ်တွေက ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အခုတော့ သည်လိုမဟုတ်ဘဲ ကာကွယ်ရေး အသုံးစားရိပ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ထင်သလိုသုံးစွဲခဲ့ပြီးရုံသာမက တိုင်းပြည်တိုးတက်နေပါပြီဆိုတာကို ရုပ်မြင်သံကြားမှာ ပြလို့ကောင်းအောင် ရှိသမျှငွေကလေးတွေကို တံတားတွေ ဆောက်လုပ်ခြင်း အပါအ

ဝင် အရင်းအသေဖြစ်စေမယ့် နေရာတွေမှာ အမြောက်အများသုံးစွဲနေခဲ့တာတွေကြောင့် တိုင်းပြည်စီးပွားရေးဟာ တိုး ပြီး ချွတ်ခြုံကျ နေပါတော့တယ်။ နောင်ကို တက်လာမယ့် အစိုးရတွေဟာ အခုလိုမျိုး ထင်သလို စီမံခန့်ခွဲ သုံးစွဲခွင့် မရအောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုကာကွယ်ပြဌာန်းကြမလဲဆိုတာ ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

ဘယ်အစိုးရဘဲ တက်လာလာ ငွေစက္ကူတွေကို ထင်သလိုရိုက်နိုပ်ပြီး ဗျူရိုကရေစီ အုပ်ချုပ်ရေးယတ္တယား ကြီးထွားကြံ့ခိုင်ရေးအတွက်သာ သုံးစွဲမှုတွေမရှိအောင် အစိုးရရဲ့ထိမ်းချုပ်မှုအောက်မှာမရှိတဲ့ လွတ်လပ်တဲ့ ပြည် ထောင်စု ဘဏ်ကြီးတခုကို ဘယ်လိုတည်ဆောက်ကြမလဲဆိုတာ မျိုးတွေကို ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ အခုတော့ ဆွေးနွေးသံလည်း မကြား၊ ဘာတခုမှ ပြဌာန်းချက်လည်း မရှိပါ။ လက်ရှိ နအဖရေးဆွဲနေတဲ့ဖွဲ့စည်းပုံကိုကြည့်လိုက် ရင် ဗျူရိုကရေစီ အုပ်ချုပ်ရေးယတ္တယားဟာ ငယ်သွားဘို့မရှိ။ ကြီးလာဘို့သာရှိတဲ့အတွက် ဈေးကွက်စီးပွားရေး ဟာ ပိုပြီးကြုံလှီသွားမှာ သေချာသလောက်ပါဘဲ။

ယနေ့မြန်မာနိုင်ငံမှာ လူထုကြုံတွေ့နေရတဲ့ စီးပွားရေး အကြပ်အတည်းဟာ ဒီမိုကရေစီရေးတောင်းဆိုမှု တွေကြောင့် နိုင်ငံတကာကနေ နအဖအပေါ် စီးပွားရေး ပိတ်ဆို့လို့မဟုတ်ပါ။ နိုင်ငံတကာကနေ ပိတ်ဆို့တဲ့အဆင့် လည်း မရောက်သေး၊ ပိတ်ဆို့နိုင်တဲ့ ပမာဏဟာလည်း မပြောပလောက်သေးပါ။ တကယ့်ပြသနာကတော့ နအဖ ဟာ သူ့ရဲ့အုပ်ချုပ်ရေး ယတ္တယားကြီးကို ကျားကန်ရေးအတွက်သာ တိုင်းပြည်ဘဏ္ဍာငွေတွေကို သုံးစွဲနေတဲ့အပြင်၊ ဈေးကွက် စီးပွားရေးရယ်လို့နုတ်က ပြောနေပေမယ့် ဈေးကွက်စီးပွားရေးကို အထောက်အပံ့ဖြစ်စေမယ့် လုပ်သင့်တဲ့ စီးပွားရေး လုပ်ဆောင်မှုတွေ မလုပ်တတ်၊ မလုပ်နိုင်ရုံသာမက၊ လက်တွေ့မှာ ဈေးကွက်စီးပွားရေးနဲ့ လိုက်လျောညီ ထွေဖြစ်မယ့် ဥပဒေစနစ်ကို ဥပဒေစိုးမိုးရေးအခြေခံနဲ့အညီ ထိရောက်စွာဖေါ်ဆောင်ခြင်း မရှိလို့ပါဘဲ။ ယခုရေးဆွဲနေ တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းသည်လို အခြေခံတွေကနေ ပွင့်ပွင့်လင်းလင်းသုံးသပ်ပြီး ကာကွယ်ပြဌာန်းချက် တွေ မထည့်သွင်း နိုင်သမျှကာလပတ်လုံး လူထုဟာ ဆင်းရဲတွင်းနက်နေမှာ ဖြစ်တဲ့အကြောင်း တင်ပြလိုက်ပါရစေ။